## ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)တွင် တင်သွင်းခဲ့သည့် အဆို

**ဦးသက်နိုင် (မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် တင်သွင်းလိုတဲ့အဆိုကတော့ # **မကွေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးရရှိသော ကျေးရွာများ၊ လျှပ်စစ်မီးရရှိရန် ကြိုးစားဆောင်ရွက်နေကြသော ကျေးရွာများအားလုံးကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်သော ကျေးရွာမီးလင်းရေး ကော်မတီများအဖြစ် စနစ်တကျဖွဲ့စည်း ဆောင်ရွက်ပေးရန်နှင့် တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော (၁၁)ကေဗွီလိုင်းများအား ဥပဒေနှင့်အညီ ပြတ်သားစွာ ကိုင်တွယ် ဆောင်ရွက်ရန် တိုက်တွန်းကြောင်း**$ အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ။ မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ကျေးရွာပေါင်းများစွာတွင် ရှိကြသော ကျေးရွာမီးလင်းရေးကော်မတီများသည် ယခင်အစိုးရလက်ထက်ကတည်းက ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တစ်ချို့ကော်မတီများ မှာဆိုလျှင် ကော်မတီသက်တမ်း(၁၀)နှစ်ကျော်မျှထိ ရှိကြပါတယ်။ သက်တမ်းကြာလာ သည်နှင့်အမျှ ကော်မတီများဟာ နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားကို မိမိတို့ကော်မတီပိုင် သဘောမှတ်ကာ ဘယ်သူ့ကိုမီးပေးမယ်၊ ဘယ်သူ့ကိုမီးမလင်းစေရဘူးဟူသော သတ်မှတ် ချက်များအထိ လုပ်ဆောင်လာကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကော်မတီ၏သဘော ဖြင့် ငွေကောက်ခံမှုများရှိပြီး ငွေစာရင်းရှင်းလင်းခြင်း၊ ဘဏ်စာရင်းဖွင့်လှစ်သိမ်းဆည်း ခြင်းများ မရှိသည့်အတွက် မီးလင်းရေးကော်မတီများနှင့် မီးသုံးစွဲသူ ကျေးရွာပြည်သူများ အကြား အပြန်အလှန်တိုင်ကြားမှုများ၊ မသမာမှုများ မကြာခဏပေါ်ပေါက်နေသည်ကို လည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မည်သည့်အချိန်က မီးလင်းခဲ့သည်ဖြစ်စေ သတ်မှတ်ကာလတစ်ခုထက်ကျော်လွန်နေသော မီးလင်းရေးကော်မတီများအား ဒီမိုကရေ စီနည်းကျ အများသဘောတူ ရွေးချယ်တင်မြှောက်၍ စနစ်တကျဖွဲ့စည်း ဆောင်ရွက်ပေး ရန် လိုအပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ယခင်ကရော၊ ယခု အစိုးရလက်ထက်၌ပါ တည်ဆောက်ခဲ့သော ၁၁ ကေဗွီအဓာတ်အားလိုင်းများစွာတည်ရှိ ပါတယ်။ မိမိတို့အစိုးရလက်ထက်တွင် အသစ်တည်ဆောက်ထားသော ၁၁ ကေဗွီဓာတ် အားလိုင်းများမှာ ပြဿနာတစ်စုံတစ်ရာမရှိသော်လည်း ယခင်အစိုးရလက်ထက်က တည်ဆောက်ခဲ့သော ၁၁ ကေဗွီဓာတ်အားလိုင်းများမှာ ကိုယ်ထူကိုယ်ထ ပုဂ္ဂလိကလိုင်း များဖြစ်ခြင်း၊ ထိုအချိန်က

တာဝန်ရှိပုဂ္ဂိုလ်များမှ အမိန့်ညွှန်ကြားချက်များကို သေချာ ရှင်းလင်းချပြမှုအားနည်းခဲ့ခြင်း၊ ယခင်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော မီးလင်း ရေးကော်မတီများ လိုက်နာရမည့် စည်းကမ်းချက်ထုတ်ပြန်ရာတွင် ရှင်းလင်းပြတ်သားမှု မရှိခြင်း စသည်တို့ကြောင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြသော ၁၁ ကေဗွီ ဓာတ်အားလိုင်းများကို ကျေးရွာမီးလင်းရေးကော်မတီများက အမြဲတမ်းကိုယ်ပိုင်အဖြစ် မှတ်ယူကာ လိုင်းတင်ခြင်းများ တောင်းခံနေခြင်းကြောင့် အချို့ဒေသများတွင် ပြဿနာ များပေါ်ပေါက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော ၁၁ ကေဗွီဓာတ်အား လိုင်းများကို ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အများပြည်သူအကျိုးအတွက် မှန်ကန်ပြတ်သားစွာ ထုတ်ပြန်ဆောင်ရွက်ပေးပါရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အဆိုအားကိုယ်စားလှယ်တစ်ဦးမှ ထောက်ခံခြင်း**

**ဒေါ်ညိုညိုဦး(စေတုတ္တရာမြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ လေးစား အပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်မကတော့ စေတုတ္တရာမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင် တင်သွင်း သွားတဲ့ အဆိုဖြစ်တဲ့ # **မကွေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးရရှိသော ကျေးရွာများ၊ လျှပ်စစ်မီးရရှိရန် ကြိုးစားဆောင်ရွက်နေကြသော ကျေးရွာများအားလုံးကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်သော ကျေးရွာမီးလင်းရေး ကော်မတီများအဖြစ် စနစ်တကျဖွဲ့စည်း ဆောင်ရွက်ပေးရန်နှင့် တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော (၁၁)ကေဗွီလိုင်းများအား ဥပဒေနှင့်အညီ ပြတ်သားစွာ ကိုင်တွယ် ဆောင်ရွက်ရန် တိုက်တွန်းကြောင်း**$ အဆိုကို လွှတ်တော်တွင် ဆွေးနွေးသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့) တင်သွင်းခဲ့သည့် အဆိုကို အစည်းအဝေး (ပဉ္စမနေ့)တွင် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးမှ ဆွေးနွေးခြင်း၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်မှ အတည်ပြုခြင်း**

**ဦးမင်းဟန် ( ရေစကြိုမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေဖြင့် မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်ဦးသက်နိုင်၏ # **မကွေး တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးရရှိသောကျေးရွာများ၊ လျှပ်စစ်မီးရရှိရန် ကြိုးစား**

**ဆောင်ရွက်နေကြသော ကျေးရွာများအားလုံးကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြားချက်များနှင့် ညီညွတ်သော ကျေးရွာမီးလင်းရေး ကော်မတီများအဖြစ် စနစ်တကျဖွဲ့စည်းဆောင်ရွက်ပေးရန်နှင့် တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော (၁၁)ကေဗွီအေ လိုင်းများအားဥပဒေနှင့်အညီ ပြတ်သားစွာကိုင်တွယ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း$** အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရေစကြိုမြို့နယ် ဟာဆိုရင် ကျေးရွာပေါင်း(၁၄၅)ရွာ၊ မီးလင်းပြီး ကျေးရွာပေါင်း (၈၂)ရွာ၊ ကိုယ်ထူ ကိုယ်ထ မီးလင်းခဲ့တဲ့ ကျေးရွာပေါင်း (၈၂)ရွာ ဖြစ်ပါတယ်။ တစ်မြို့နယ်လုံး မီးရရှိမှု (၂၇.၀၃) ရာခိုင်နှုန်းဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထမီးလင်းရေးကျေးရွာများ များပြားခဲ့ သလို ပြဿနာများလည်းများခဲ့ပါတယ်။ ကိုယ်ထူကိုယ်ထ မီးလင်းရေးကော်မတီများရဲ့ ပြဿနာများကတော့ စာရင်းရှင်းလင်းမှု မရှိခြင်း၊ ငွေကြေးသုံးစွဲမှုမမှန်ကန်ခြင်း၊ မူလ မီးရရှိသူများနှင့် နောက်မှ မီးရယူသူများအကြား ငွေကြေးပြဿနာများရှိခြင်း၊ (နောက်မှ ယူသူများကို ငွေပိုခွဲခြင်း)၊ မသင့်မြတ်သူများကို မီးလင်းရေးကော်မတီမှ မီးချိတ်ဆက် သွယ်တန်းခွင့်မပေးခြင်း၊ တစ်ရွာနှင့်တစ်ရွာ မီးချိတ်ဆက်ခွင့်ရရန် (၁၁)ကေဗွီအေလိုင်း ချိတ်ဆက်ခြင်းကို ငွေကြေးတောင်းခံခြင်းစတဲ့ အခက်အခဲပြဿနာများရှိပါတယ်။ တိုင်တန်းသော်လည်း ဘယ်လိုမှ ဖြေရှင်းဆောင်ရွက်မပေး၍ မကျေနပ်မှုများစွာနှင့် ရှိနေတဲ့ ကျေးရွာများလည်း ရှိပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေစကြိုမြို့နယ်မှာ ၂၀၁၄ ခုနှစ်မှ အစိုးရ၏ရန်ပုံငွေဖြင့် တည်ဆောက်ထားသော်လည်း ဗလဘကျေးရွာမီးလင်းရေး ကော်မတီ၏ ခွင့်ပြုချက်မရ၍ အင်းမကျေးရွာ မီးမလင်းနိုင်သည်မှာ ယနေ့တိုင်ဖြစ်ပါ တယ်။ ယခုအခါ နိုင်ငံတော်အစိုးရမှ မူလက လိုရာဆွဲ၍ တွေးရသော မီးလင်းရေး ကော်မတီများ လိုက်နာရမည့် စည်းကမ်းချက်(၁၂)ချက် ရှင်းလင်းပြတ်သားစွာ ပြင်ဆင် သတ်မှတ် လိုက်နာဆောင်ရွက်ရန် အကြောင်းကြားပြီးဖြစ်သော်လည်း အဆိုရှင် တင်ပြ သကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မှန်ကန်ပြတ်သားစွာ ကိုင်တွယ်ဆောင်ရွက်ပေး ခဲ့ခြင်း မရှိသောကြောင့် ဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူများက လိုက်နာကျင့်သုံး ဆောင်ရွက်ပေးမှုမရှိ၍ အင်းမကျေးရွာ မီးမလင်းရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် မီးလင်းရေးကော်မတီများဖွဲ့စည်းပုံကို ဒီမိုကရေစီနည်းကျ ဖွဲ့စည်း ဆောင်ရွက်ရန် ကော်မတီသက်တမ်း သတ်မှတ်ပေးရန် ငွေကြေးသုံးစွဲမှုများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီသုံးစွဲပြီး စာရင်းစစ်ဆေးခံနိုင်ရန်နှင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာဆောင်ရွက်ရန် မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်၏ တိုက်တွန်းကြောင်း အဆိုအား ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးဌေးဝင်း (ထီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၁)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံ ကြပါစေ။

ကျွန်တော်ကတော့ အမှတ်(၁)မဲဆန္ဒနယ် ထီးလင်းမြို့နယ်ရဲ့ မကွေးတိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းဖြစ်ပါတယ်။ (၂၃.၇.၂၀၁၈)ရက်နေ့ တိုင်းဒေသကြီးလွှတ်တော်၏ နဝမပုံမှန်အစည်းအဝေးတွင် မြိုင်မြို့နယ် တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင် တင်သွင်းခဲ့သော ညီညွတ်သော ကျေးရွာမီးလင်းရေး ကော်မတီအဖြစ် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံ ခန့်ခွဲပိုင်ခွင့်ရှိသော 11 KV ဓာတ်အားလိုင်းများအား ဥပဒေနှင့်အညီ ပြတ်သားစွာ ကိုင်တွယ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ အဆိုရှင်ဟာ မြို့နယ် အသီးသီးရှိ ကျေးရွာများတွင် မီးလင်းရေးကော်မတီများကို ယခင်အစိုးရနှင့် ယခုအစိုးရ များ လက်ထက်ကတည်းက ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့တာကို တွေ့ရှိရမှာပါဆိုပြီး အတိတ်ကိုငဲ့စောင်းကာ ကော်မတီတစ်ခု၏ သက်တမ်း(၁၀) ကျော်မျှ ထိရှိတာကို တင်ပြထားပါတယ်။ ဒီတွေ့ရှိချက်မျှမကပဲ နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားကို မိမိ တို့၏ ကော်မတီပိုင်ဟု မှတ်ယူကာ သူတို့ကော်မတီ ပေးချင်သူကိုပေး၊ မပေးချင်သူကို မပေးဆိုတဲ့ လွဲမှားသော လုပ်ဆောင်မှုများကို မလုပ်ဆောင်နိုင်စေရန် ယခုအဆိုကို တင်ပြ လာတာ သိသာမြင်သာလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အတိတ်ကို အတိတ်မှာထားခဲ့ခြင်းဟာ လုပ်ကောင်းတဲ့အရာ တစ်ခုမဟုတ်ပါဘူး။ အတိတ်၏ကောင်းခြင်းဆိုးခြင်းဟာ သင်ခန်းစာယူစရာ ဆက်ပြီး လုပ်စရာ မလုပ်စရာကို ရှာဖွေမှတ်သားရမှာကို အဆိုရှင်၏ အဆိုမှာတွေ့ရှိရပါတယ်။ လက်ရှိအချိန်မှာ ဒီမိုကရေစီနည်းကျ အများသဘောတူရွေးချယ်တင်မြှောက်မှု လိုအပ် ပါတယ်လို့ အတိအလင်းဆိုထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မြို့နယ်အသီးသီးတွင် ယခင်အစိုးရ ရော ယခုအစိုးရပါတည်ဆောက်ခဲ့သော 11 KV ဓာတ်အားလိုင်းများစွာရှိတာကို ဆိုထား ပြီး လက်ရှိအစိုးရလက်ထက် 11 KV ဓာတ်အားလိုင်းများ ပြဿနာမရှိတာကို ပြဆိုထား ပါတယ်။ ယခင်အစိုးရလက်ထက်က လုပ်ခဲ့သော 11 KV ဓာတ်အားလိုင်းများမှာ ကိုယ်ထူကိုယ်ထ ပုဂ္ဂလိကဓာတ်အားလိုင်းများဆိုတာကို အဆိုရှင်က ထောက်ပြထားပြီး တာဝန်ရှိလုပ်ပိုင်ခွင့်ရှိ ပုဂ္ဂိုလ်များမှ အမိန့်ညွှန်ကြားချက်များကို သေချာရှင်းပြခြင်း အားနည်းမှုရှိတာကို အဆိုရှင်က သိနေပါတယ်။ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ သော 11 KV ဓာတ်အားလိုင်းများ ကျေးရွာမီးလင်းရေး ကော်မတီများ ဒေသများစွာမှာ ပြဿနာဖြစ်နေတာကို တင်ပြထားပြီး ယခုအဆိုအား မကွေးတိုင်းဒေသကြီး နဝမအကြိမ် ပုံမှန်အစည်းအဝေးမှာ အဆိုတင်လာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော် ဖြည့်စွက် ပြောကြားလိုပါတယ်။ အဆိုရှင် ဦးသက်နိုင်ဟာ နိုင်ငံ့ဝန်ထမ်း ၊ ဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်း ဥပဒေ များ ရှင်းပြရန် လိုအပ်လျက်ရှိကြောင်း ထောက်ပြတာကို ကြည့်ခြင်းအားဖြင့် လျှပ်စစ် ဥပဒေတွေကို ပြည်သူလူထုက မသိတဲ့အခါမှာ မီးလင်းရေးကော်မတီများက ရွာတွေမှာ သုံးချင် သလိုသုံး၊

လုပ်ချင်သလိုလုပ် ကိုယ်ထူကိုယ်ထဆွဲထားတဲ့အတွက် အခြားရွာကို ဒီလိုင်းက မဆွဲရဘူးဆိုတဲ့ပြဿနာမျိုးတွေ အများကြီးရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မီးလင်းရေး ကော်မတီများ၏ လိုအပ်ချက်(၁၂)ချက်ဟာ အားနည်းချက်များရှိနေတာ တွေ့လို့ ပြင်ဆင်ခဲ့ပြီးဆိုတာ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့သော်လည်း အဲဒီပြင်ဆင်ပြီးသားအချက်(၁၂)ချက်ကို မီးလင်းရေး ကော်မတီအား ပေးရဲ့လား။ ပြည်သူလူထုက ဒါတွေကို သိရဲ့လား။ အဆိုရှင် တင်ပြ ချက်က ဒီကိစ္စတွေကို တင်ပြမှု အားနည်းတယ်။ သက်ဆိုင်ရာဌာနတွေက ဒီကိစ္စတွေကို ရှင်းရှင်းလင်းလင်း ပြည်သူလူထုကို ချပြဖို့လိုအပ်တယ်ဆိုတာတွေ့ရပါတယ်။ ဒါကြောင့် အဆိုရှင် ဦးသက်နိုင်ရဲ့ အဆိုကို ထောက်ခံခြင်းဖြစ်ပါတယ်။ လိုက်နာအပ်သော အချက် (၁၂)ချက်အား အားနည်းချက်များ ရှိတာကို ဘယ်အချက်လို တိတိပပထောက်ပြထားတာ မတွေ့ရခြင်းဟာ အားနည်းချက်တစ်ခုလို့ တွေ့ရပါတယ်။ ဒါကြည့်ခြင်းအားဖြင့် အချက် (၁၂)ချက်လုံးဟာ ဆန်းစစ်ပြုပြင်ရန် လိုအပ်တယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်မီးလင်းရေးကော်မတီများ ဖွဲ့စည်းခြင်းကို အခြေပြုဆွေးနွေးလာတဲ့အတွက် ပိုအရေးကြီးလာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျေးလက်နေပြည်သူလူထုဟာ ၇၀ ရာခိုင်နှုန်းရှိပါတယ်။ ဒါပေမယ့် ဒီလုပ်ထုံးလုပ်နည်းတွေကို မသိဘဲနဲ့ လုပ်ချင်သလိုလုပ်နေတဲ့ ကော်မတီများ ဖွဲ့စည်းမိမှာကို စိုးရိမ်မိတဲ့အတွက် အဆိုရှင်ဟာ ဒီအဆိုကိုတင်လာတာကို ထင်ထင်ရှားရှား တွေ့ရပါတယ်။ ကျေးရွာမီးလင်း ရေးကော်မတီများ၏ အခန်းကဏ္ဍကို ထင်ရှားလာစေပြီး ယခင်ကပြုလုပ်ခဲ့သော ကော်မတီများ၏ လုပ်ဆောင်ချက်မှားယွင်းမှု မထိမဲ့မြင်ပြုမှုများဟာ လူမှုပဋိပက္ခဆီသို့ ဦးတည်သွားစေနိုင် ပြီး ယခုအခါ ယခင်ကိစ္စများကို လက်ရှိအခြေအနေထိ ပြတ်သားစွာ မဆောင်ရွက်နိုင်သေးသောကြောင့် နောက်နောင် ယခုကဲ့သို့မဖြစ်ပွားစေရန် 11 KV လိုင်းများကို ပြည်သူများအကျိုးအတွက် မှန်ကန်ပြတ်သားစွာ ထုတ်ပြန်ဆောင်ရွက် ပေးရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းသော အဆိုအား ထောက်ခံဆွေးနွေး အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးတင့်ဆန်း(ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင် တင်သွင်းခဲ့သော # **မကွေးတိုင်း ဒေသကြီးအတွင်းရှိ လျှပ်စစ်မီးရရှိသော ကျေးရွာများ၊ လျှပ်စစ်မီးရရှိရန် ကြိုးစား ဆောင်ရွက်နေကြသော ကျေးရွာများအားလုံးကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြား ချက်များနှင့် ညီညွတ်သော ကျေးရွာမီးလင်းရေးကော်မတီများအဖြစ် စနစ်တကျ ဖွဲ့စည်း ဆောင်ရွက်ပေးရန်နှင့် တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော (၁၁)ကေဗွီလိုင်း များအား ဥပဒေနှင့်အညီ ပြတ်သားစွာကိုင်တွယ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း$** အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် နိုင်ငံတော်မှ ၁၁ ကေဗွီလိုင်းနှင့် ထရန်စဖော်မာကို တာဝန်ယူ၍ ၄၀၀ ဗို့လိုင်းများကိုတော့ ကျေးရွာများ အား ကိုယ်ထူကိုယ်ထဆောင်ရွက်၍ လျှပ်စစ်မီးလင်းရေးကို ဥပဒေ၊ နည်းဥပဒေများဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်မှာဆိုရင် ယခင်အစိုးရလက်ထက် ကျေးရွာ တော်တော်များများသည် ကျေးရွာမီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး လျှပ်စစ်မီး ကိုယ်ထူကိုယ်ထ မီးလင်းပြီဖြစ်ပါတယ်။ သို့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံ ခန့်ခွဲပိုင်ခွင့်ရှိသော ၁၁ ကေဗွီလိုင်းများအား ဥပဒေနှင့်အညီ ပြတ်သားစွာ ဆောင်ရွက်ရန် ညွှန်ကြားချက် (၁၂)ချက်ရှိသော်လည်း တစ်ချို့ ကျေးရွာမီးလင်းရေးကော်မတီများသည် အစိုးရအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မှုမရှိတာကိုတွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာဖြင့်ပြောရရင် ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် တွင် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် လျှပ်စစ်မီးရရှိသော ရွှေဘိုရွာသစ်ကျေးရွာနှင့် ငါး မွေးမြူရေးစခန်းများမှာ ယနေ့အချိန်အထိ လျှပ်စစ်မီးမလင်းနိုင်သေးပါ။ မီးမလင်း ရခြင်း၏အကြောင်းအရင်းမှာ ၎င်းကျေးရွာသို့ ၁၁ ကေဗွီလိုင်းဆွဲရာ ကိုယ်ထူကိုယ်ထဖြင့် မီးလင်းနေသော ရွှေဘိုရွာမကျေးရွာက ၁၁ကေဗွီလိုင်းချိတ်ဆက်ရန် ရွှေဘိုရွာမ မီး ကော်မတီက ခွင့်မပြုဘဲ ပြဿနာဖြစ်ပေါ်လျက်ရှိပြီး ၁၁ကေဗွီလိုင်း ချိတ်ဆက်ရန် အတွက် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်၊ တင်ဒါအောင်မြင်သော ကုမ္ပဏီဝန်ထမ်းများ နှင့် သွားရောက်၍ မီးလင်းရန်ဆောင်ရွက်သောအခါ ရွှေဘိုရွာမ မီးကော်မတီအဖွဲ့များမှ အမျိုးသမီး(၅၀)ဦးလောက်ကို ခေါ်ထုတ်လာပြီး ၁၁ ကေဗွီလိုင်းဆောင်ရွက်ရန် အဖွဲ့များ ကို ဆဲဆိုကျိန်းမောင်းကြသောကြောင့် ရှန်းရင်းဆန်ခတ်ဖြစ်ပြီး ၁၁ ကေဗွီလိုင်း ဆောင်ရွက်နိုင်ခြင်း မရှိဘဲ ပြန်ခဲ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကပြဿနာသည် ကျေးရွာမီးလင်းရေး ကော်မတီများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားသောအချက်(၁၂)ချက်ကို လိုက်နာ မှုမရှိခြင်း၊ အစိုးရအနေနှင့်လည်း မီးလင်းရေးကော်မတီများကို လိုက်နာဆောင်ရွက်ရ မည့် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များကို ရှင်းလင်းခြင်း၊ အသိပညာပေးမှု များမရှိခြင်းတို့ကြောင့် ထိုကဲ့သို့သော ပြဿနာများ ဖြစ်ပေါ်ရခြင်း ဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင် တင်သွင်းခဲ့သော # **မကွေးတိုင်းဒေသကြီး အတွင်းရှိ လျှပ်စစ်မီးရရှိသော ကျေးရွာများ၊ လျှပ်စစ်မီးရရှိရန် ကြိုးစား ဆောင်ရွက်နေ ကြသော ကျေးရွာများအားလုံးကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြားချက်များနှင့် ညီညွတ်သော ကျေးရွာမီးလင်းရေးကော်မတီများအဖြစ် စနစ်တကျ ဖွဲ့စည်း ဆောင်ရွက် ပေးရန်နှင့် တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော (၁၁)ကေဗွီလိုင်းများအား ဥပဒေနှင့်အညီ ပြတ်သားစွာကိုင်တွယ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း$** အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

## မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသက်နိုင်၏ အဆိုကို သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဦးမြင့်ဇော် ( ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသက်နိုင်ရဲ့အဆိုဟာ အင်မတန်သင့်မြတ်တဲ့အဆိုဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ပြဿနာကြီး(၂)ရပ်ကို အစိုးရသစ်က ရင်ဆိုင်နေရပါတယ်။ ပထမပြဿနာကတော့ လယ်ယာမြေ ပြဿနာဖြစ် ပြီး ဒုတိယပြဿနာကတော့ လျှပ်စစ်မီးလင်းရေးကော်မတီများ ဖွဲ့စည်းခြင်းပြဿနာ ဖြစ်ပါတယ်။ အဲ့ဒီပြဿနာတွေကို ပြေလည်ရန်အတွက် ကျွန်တော်တို့ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဥပဒေကြောင်းအရ ဖြေရှင်းခဲ့ရာမှာ ပြေလည်တာများပေမယ့် တစ်ချို့ကျေးရွာများမှာ ခုချိန်ထိ မပြေလည် သေးလို့ တရားရုံးတွေမှာ တရားရင်ဆိုင်နေရတဲ့ အနေအထားတွေ တွေ့မြင်နေရပါတယ်။ အဲ့ဒီတွေ့နေရတဲ့ အခက်အခဲတွေကို ဦးသက်နိုင်ရဲ့အဆိုကို အတည်ပြုခြင်းအားဖြင့် ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ခုလို အတည်ပြုလိုက်လျှင် အစိုးရက ဘာမှမလုပ်ခဲ့ဘူးလား ဆိုတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပိုပြီးတော့ ရှင်းလင်းပြချင်ပါတယ်။

ရေစကြိုမြို့နယ်မှာ ဗလဘကျေးရွာဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ငွေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ (၄)နှစ်ခန့်လည်းကြာပြီ ဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့က မီးလင်းရေးမှု(၂၄)ချက်ကို အစိုးရကရေးဆွဲခဲ့ပါတယ်။ အဲဒီ(၂၄)ချက်က နေပြီး (၁၂)ချက်ထိ လျော့ချရေးဆွဲခဲ့တဲ့အနေအထားမှာ အချက်(၉)နှင့်အချက်(၁၂)ဟာ မျှတမှုမရှိဘူးဆိုတဲ့အနေအထားအရ အစိုးရကိုတက်လာပြီးတော့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှာ နိုင်ငံတော်အတိုင်ပင်ခံကိုယ်တိုင် တိုင်းနှင့်ပြည်နယ်လျှပ်စစ်ဝန်ကြီးများကို ခေါ်ပြီး ဒီအချက်တွေကို ပြင်မယ်ဆိုတဲ့အနေအထားအရ မီးလင်းရေးမှု(၁၂)ချက်ကို နောက်ဆုံးပြင်ဆင်ခဲ့ပါတယ်။

အဲဒီပြင်ဆင်ချက်ကို လွှတ်တော်ကိုယ်စားလှယ်တွေကို ဖြန့်ဝေထားပြီး ဖြစ်သလို အဲဒီအချက်တွေနဲ့ ဖြေရှင်းမယ်ဆိုတဲ့အနေအထားမှာ အင်းမရွာက မီးချိတ်မရတဲ့အနေ အထားကို ဒီအချက်နဲ့ဖြေရှင်းမယ်ဆိုတော့ သူတို့က မီးတော့အချိတ်ခံမယ်။ ယာမြေပေါ်မှာတိုင်တွေစိုက်တဲ့အတွက် ယာမြေလျော်ကြေးဆိုပြီးတောင်းလာတဲ့အတွက် တရားရုံးမှာ ရင်ဆိုင်နေရသောကြောင့် ပြဿနာဟာ ဒီလောက်ထိကြာနေခြင်းဖြစ်ပါတယ်။ အဲဒီ မြေယာကိစ္စကိုလည်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆွေးနွေးပြီးဖြေရှင်းခဲ့ရပါတယ်။ နောက်ဆုံးမြေယာပြဿနာကိုလည်း မကွေးတိုင်းမှာရှိတဲ့ မြို့နယ်များ၊ ခရိုင်များကို အကြံဉာဏ်ရယူပြီးတော့ ဖြေရှင်းပြီး ကြေညာချက်ထုတ်ပြန်ပြီးဖြစ်ပါတယ်။

ဗလာဘကျေးရွာကိစ္စနှင့်ပတ်သက်ပြီး (၂၁.၇.၂၀၁၈)ရက်နေ့က မြိုင်မြို့တွေ့ဆုံပွဲ တစ်ခုမှာ ခရိုင်အုပ်ချုပ်ရေးမှူးကို သီးသန့်တာဝန်ပေးပြီး ဖြေရှင်းတဲ့နေရာမှာ ဒီနေ့ (၃၀. ၇. ၂၀၁၈) ရက်နေ့တွင် ဗလာဘကျေးရွာက အင်းမရွာကို မီးချိတ်ခွင့်မပေးဘူးလို့ ဒီနေ့ ၃၀ ရက်နေ့နောက်ဆုံး စီမံခန့်ခွဲမှုနည်းအရ မီးဖြတ်အရေးယူပြီး ပြေလည်သည်အထိ ဖြေရှင်းဖို့လည်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ထိုနည်းတူစွာ ရွှေဘိုရွာမနှင့် ရွာသစ် ဖြစ်တဲ့ ပြဿနာကို ကျွန်တော်သိရှိတဲ့ နေ့ကစပြီး (၁၃.၅.၂၀၁၈)ရက်နေ့မှာပဲ ဥပဒေ နည်းလမ်းတွေအရ အဖြေရှင်းလို့ရှိရင် ဟိုဘက်က တရားစွဲ၊ ဒီဘက်က တရားရုံးတက်နဲ့ အင်မတန်ကြာနိုင်ပါတယ်။ အဲဒီအတွက် စီမံခန့်ခွဲမှုနည်းအရ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို (၁၃. ၅.၂၀၁၈) ရက်နေ့မှာပဲ ရွာသစ်ကို မီးဆက်မပေးရင် ရွာမကို မီးဖြတ်ပါ လို့ ညွှန်ကြားခဲ့တဲ့အတွက် သက်ဆိုင်ရာဌာနအသီးသီးက ကွင်းဆင်းပြီးရှင်းပြခဲ့ပါတယ်။ မနေ့ကဆိုရင် ကုမ္ပဏီကိုခေါ်တယ်။ သက်ဆိုင်ရာရဲစခန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတို့နှင့် မီးဆက်ဖို့ ကြိုးစားတယ်။ တကယ်လို့ နှောင့်ယှက်လို့ရှိရင် တရားရုံးမှာ ဌာနကနေပြီး တရားစွဲဖို့အထိ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

ထိုနည်းတူစွာ မကွေးတိုင်းနှင့် မန္တလေးတိုင်းမှာ ဖြစ်ပွားခဲ့တဲ့ မကွေးတိုင်း၊ ချောက်မြို့နယ်၊ ဆားတောင်ကျေးရွာနှင့် မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ တလိုင်းကံကျေးရွာတို့ မီးဆက်ဖို့မှာ အချက်(၁၂)ချက်နှင့်ညွှန်ကြားခဲ့သော်လည်း မကွေး တိုင်း၊ ဆားတောင်ရွာက မြေယာပြဿနာတွေ၊ သီးနှံတွေလျော်ကြေးပေးရမယ်ဆိုတဲ့ အနေအထားအရ ကျွန်တော်တို့ အစိုးရတစ်ခုနဲ့ ဝန်ကြီး(၂)ဦးပူးပေါင်းပြီးတော့ ဖြေရှင်းခဲ့ ရတဲ့ အနေအထားရှိပါတယ်။

ထို့အတူ အောင်လံမြို့နယ်၊ စကြီးကျေးရွာမှာလည်း ကော်မတီဟောင်းနှင့် ကော်မတီသစ် တရားစွဲဆိုတဲ့ အနေအထားတွေကနေ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ အဂတိ တိုက်စားမှုကော်မရှင်အထိ တိုင်ကြားချက်အရ ကျွန်တော်တို့ ဖြေရှင်းခဲ့ရပါတယ်။ နောက်ဆုံးမကျေနပ်လို့ လွှတ်တော်ရေးရာကော်မတီထိ တိုင်တန်းဖြေရှင်းရတဲ့အနေ အထားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါဟာ အရင်အစိုးရလက်ထက်က မပြတ်သားခဲ့တဲ့ မူဝါဒကြောင့် ဒါကိုကျွန်တော်တို့လက်ခံပြီးဆောင်ရွက်နေပါတယ်။

ထိုနည်းတူစွာ ၁၁ ကေဗွီလိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းရမယ်ဆိုတဲ့အချက်ကို လည်း ကျွန်တော်တို့ဖြေရှင်းခဲ့တဲ့နေရာမှာ မြိုင်မြို့နယ်မှာဆိုရင် ဇေယျာမော်ကုမ္ပဏီက တည်ဆောက်ထားတဲ့ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးသိန်းထွန်းနှင့် စက်မှုဝန်ကြီးတို့ ညှိနှိုင်းပြီးတော့ တည်ဆောက်ထားတဲ့ ကိုယ်ထူ ကိုယ်ထဓာတ်အားလိုင်းနှင့် ဆူးဝင်းကျေးရွာတွင် တည်ဆောက်ထားတဲ့ လိုင်းတို့ကို မပေးချင်ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင် မီးလင်းရေးကော်မတီများ ဖွဲ့စည်းမည့် အကြောင်း ဒီမူဝါဒကို ရှင်းပြပြီးတော့ မြိုင်မြို့နယ်မှာ (၂၁.၇.၂၀၁၈)ရက်နေ့မှာ မိုင်(၉၀) လောက်ကို မူချပြီးတော့ ပြေလည်သည်အထိ ဆောင်ရွက်ခဲ့ပါတယ်။

ထိုနည်းတူစွာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဂန့်ဂေါမြို့နယ်မှာ တိပိဋကတ် ယော ဆရာတော်ဘုရားကြီးက သူ့ရဲ့လက်ပန်ရွာ (၁၅)မိုင်လောက်ကို သူ့ရဲ့ နဝကမ္မငွေနဲ့ လျှာဒါန်းထားတာကို ဒီမီးလင်းရေး(၁၂)ချက်ကို ကျွန်တော်တို့ကိုယ်တိုင် လျှောက်ထား ရတဲ့အထိပါပဲ။ ဆရာတော်ကြီးက လျှုရုံမက ဒီအနီးအနားမှာရှိတဲ့ (၁၉)ရွာကိုလည်း မင်းတို့ ချိတ်ဆက်ကြပါလို့ ကျေးရွာအသေးအကြီးအလိုက် သိန်း(၁၀၀/၂၀၀/၃၀၀)အထိ လျှုတဲ့ အတွက် ဒီပြဿနာက ပြေလည်သွားပါတယ်။

ဒါကြောင့် ကျွန်တော်တို့အစိုးရရဲ့အဖြစ်အပျက် ရင်ဆိုင်နေရတဲ့အခြေအနေအရ ဒီလွှတ်တော်ကိုယ်စားလှယ်ရဲ့အဆိုဟာ အင်မတန်သင့်မြတ်ပြီးတော့ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာ ကြုံတွေ့နေရတဲ့ ပြဿနာများကိုအင်အား တစ်ခုအနေနဲ့ ဖြေရှင်းနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အတည်ပြုပေးပါရန်လည်း တောင်းဆိုပါတယ်။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကလည်း ဒီမီးလင်းရေး (၁၂)ချက်ကို ကွင်းဆင်းတဲ့အချိန်မှာ နားလည်အောင်ရှင်းလင်းပေးဖို့ကိုလည်း ကျွန်တော့် အနေနဲ့တောင်းဆိုပါတယ်။ ကူညီပြီးထိန်းညှိပေးဖို့ကိုလည်း တောင်းဆိုပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**အဆိုရှင်မှ သဘောထားဆန္ဒတင်ပြခြင်း**

**ဦးသက်နိုင်(မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်-၁)**။ ။ လေးစားအပ် ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ကျွန်တော်တင်သွင်းတဲ့ အဆိုကို ထောက်ခံ ဆွေးနွေးသွားတဲ့ လွှတ်တော် ကိုယ်စားလှယ် (၃)ဦးအပါအဝင် ပြန်လည်ဖြေရှင်းတင်ပြပေးပါသော တိုင်းဒေသကြီး ဝန်ကြီးအား အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ အနည်းငယ် ဖြည့်စွက် ပြောလိုတာက မကွေးတိုင်းဒေသကြီးအတွင်း အစိုးရသစ်လက်ထက်မှာ တည်ဆောက်ခဲ့ တဲ့ လိုင်းတွေမှာ ပြဿနာ အင်မတန်နည်းပါတယ်။ မရှိသလောက်ကို နည်းပါတယ်။ သို့သော်လည်းပဲ မြိုင်မြို့နယ် တစ်ခုတည်းမှာပင် ယခင်အစိုးရလက်ထက်က ကိုယ်ထူ ကိုယ်ထ မီးလင်းရေးမိုင်(၉၀)ခန့် ရှိပါတယ်။ ခုလိုပဲ အခြားမြို့နယ်တွေမှာ ကိုယ်စားလှယ် တင်ပြသွားသလိုပဲ ရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ ထုတ်ပြန်ထားပြီးသား အမိန့်ညွှန်ကြားချက်တွေ ရှိနေတာမှန်သော်လည်း ပြီးခဲ့တဲ့ အစိုးရလက်ထက်က တည်ဆောက်ခဲ့တဲ့ လိုင်းတွေဟာ တစ်နည်းမဟုတ်တစ်နည်း သက်ဆိုင်ရာအာဏာပိုင် တွေနဲ့ ဆက်စပ်နေတဲ့ပြဿနာတွေဖြစ်လို့ အခက်အခဲတွေဆိုတာ ကျွန်တော်တို့ မြို့နယ် ရော ရေစကြို၊ မြိုင်မြို့နယ်တွေမှာ ထင်ရှားပါတယ်။

ဝန်ကြီးပြောသွားတဲ့ ရေစကြိုမြို့နယ်၊ ဗလာကျေးရွာကို ဒီနေ့နောက်ဆုံး မီးဖြတ် တောက်မယ်လို့ အသိပေးထားပါတယ်။ တကယ်လို့ ဒီ(၃၀)ရက်နေ့အထိ စီမံခန့်ခွဲမှု နည်းနဲ့ မီးဖြတ်တောက်မယ်။ မဖြတ်တောက်ခဲ့ဘူးဆိုရင် တာဝန်ရှိတဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လျှပ်စစ်ဌာနတို့ကို အမိန့်ညွှန်ကြားချက်တွေနဲ့အညီ ပြတ်ပြတ် သားသား အရေးယူမှာလားဆိုတာကို ကျွန်တော့်အဆိုကထောက်ပြထားတာဖြစ်ပါတယ်။

ဒါကြောင့် အမိန့်ညွှန်ကြားချက်၊ ဥပဒေတွေနှင့်အညီ အစိုးရကလုပ်နေသော်လည်း လိုက်နာမှုအားနည်းနေတာကို အစိုးရက ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်ဖို့အတွက် ဒီအဆိုကို လွှတ်တော်မှာတင်ပြီး လွှတ်တော်ရဲ့အတည်ပြုချက်ရယူခြင်တာဖြစ်ပါတယ်။ လွှတ်တော် က အတည်ပြုပေးလိုက်မယ်ဆိုရင် လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ၊ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရဟာ လွှတ်တော်က အတည်ပြုထားတဲ့အဆို ဖြစ်တဲ့ အတွက် မလွဲမသွေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ယခုလို လုပ်ဆောင်လာတဲ့အခါမှာ ကျွန်တော်တို့ ဦးတည်နေတဲ့ အများပြည်သူအားလုံး လျှပ်စစ်မီးကို မျှမျှတတရရှိ ရေးခေါင်းစဉ်ဟာ တည့်မတ်သွားမှာဖြစ်လို့ ကျွန်တော်တို့အဆိုကို အတည်ပြုပေးပါရန် အလေးအနက် တိုက်တွန်းတောင်းဆိုအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

မကွေးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၇ (ခ)အရ လွှတ်တော်၏ ဆန္ဒကိုရယူခဲ့ရာ လွှတ်တော်မှ အတည်ပြုကြောင်းနှင့် နည်းဥပဒေ ၁၂၈ နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့ထားရှိပြီး ဖြစ်ပါသည်။